## မစ္ဆရိယ (၅) မျိုး

၁။ အာဝါသမစ္ဆရိယ = နေရာ၌ ဝန်တိုမှု။

၂။ ကုလမစ္ဆရိယ = ဆွေမျိုး ဉာတိ အခြံအရံ တို့၌ ဝန်တိုမှု။

၃။ လာဘမစ္ဆရိယ = ပစ္စည်း တို့၌ ဝန်တိုမှု။

၄။ ဝဏ္ဏမစ္ဆရိယ = ဂုဏ်သတင်း တို့၌ ဝန်တိုမှု။

၅။ ဓမ္မမစ္ဆရိယ = အတတ်ပညာ၌ ဝန်တိုမှု။

သာဌေယျ သည် မိမိ၌ မရှိသော ဂုဏ်ကို ရှိဟန် ဆောင်၏။

မာယာကား မိမိ၌ ရှိသော အပြစ်ကို ဖုံးကွယ်၍ အပြစ်ကင်းဟန်ဆောင်၏။

ဒေါဝစဿတာ = ဆုံးမခက်ခြင်း၊ ပါပမိတ္တတာ = မိတ်ဆွေယုတ်နှင့် ပေါင်းမှု။

မကောင်းသော မိတ်ဆွေ ဟူသည်

သဒ္ဓါတရား မရှိခြင်း၊ သီလ မရှိခြင်း၊ အကြား အမြင် သုတ မရှိခြင်း၊

မစ္ဆရိယ = ဝန်တိုခြင်း၊ အသိ အလိမ္မာ ဉာဏ် မရှိခြင်း ဤ အင်္ဂါ ငါးပါးတို့နှင့်

ပြည့်စုံသော ပုဂ္ဂိုလ် ဖြစ်သည်။ (ဓမ္မပဒ၊ ၂၅၀)

သဒ္ဓါ, သီလ သုတကောင်းကြသော ဉာဏ်ပညာရှိ ရန်ကိုအောင် မှတ်သိမိတ်ဖွဲ့ချင်းသာ။

သဒ္ဓါ,သီလ သုတ, စာဂ ဉာဏ်ရှိက မှတ်ကြမိတ်ကောင်းသာ။

ကလျာဏမိတ်ဂုဏ် (၇) ပါး

၁။ ပိယ = ချစ်ခင်ကြည်ညိုဖွယ် ဂုဏ်ရှိခြင်း။

၂။ ဂရု = အလေးအမြတ် ပြုထိုက်သော ဂုဏ်ရှိခြင်း။ (သီလ သမာဓိ ပညာနှင့် ပြည့်စုံခြင်း)

၃။ ဘာဝနီယ = မေတ္တာပွားထိုက်သော ပုဂ္ဂိုလ်ဖြစ်ခြင်း။ (သီလရှိပြီး မေတ္တာတရားနှင့်ပြည့်စုံခြင်း)

၄။ ဝတ္တာ = ပြောဆိုဆုံးမတတ်ခြင်း။

၅။ ဝစနက္ခမ = သူတပါးက ပြောဆိုဆုံးမလျှင် လက်ခံပြုပြင်နိုင်ခြင်း။

၆။ ဂမ္ဘီရဉ္စ ကထံကတ္တာ = ခက်ခဲနက်နဲသော တရားစကားကို ပြောပြောတတ်ခြင်း။

(ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ သမထ၊ ဝိပဿနာ၊ မဂ်၊ ဖိုလ်၊ ပစ္စဝေက္ခဏာဉာဏ် တို့ကို ပြောပြခြင်း)

၇။ နစဋ္ဌာနေ နိယောဇယေ = မသင့်တော်သော အရာ၌ မှုမှတ်ဖို့ မတိုက်တွန်းခြင်း။

(ဒုတိယ မိတ္တသုတ်၊ အံ၊ ၂၊ ၄၂၂၊ သတ္တကနိပါတ်)

ပမာဒ = ကုသိုလ်မှု၌ မေ့လျော့ခြင်း။

ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်၊ ကာမဂုဏ် ငါးပါး တို့၌ စိတ်ကို လွှတ်ထားခြင်း (ခုဒ္ဒကဝိဘင်း၊ ၃၆၃)

ဥစ္စာရိုက်သုံးပါ၊ အလှူ့ဝါး စိတ်သွားစေဖို့ ထွက်ထားချင်။

ကုသိုလ်တရား ပွားဖို့ကား ဝေးလှ ကောင်းမှု မပြုချင်။

မပြတ်မပွား စိတ်ပျော့ပြား လိုလား စုရ ချထားချင်။

မမြဲဝါကြား မပွားပြား စိတ်အား မထုတ်စေချင်။

သွားလာ သောက်စား ပျော်ပြုပြား သူ့အား ဖြေဖျော ပေါ်သည်ပင်။